## နိဒါန်း

**ဖိလိပ္ပိဩဝါဒစာသည်** ဥရောပတိုက်၌**သံပေါလု** ပထမဦးဆုံး တည်ထောင်ခဲ့သည့် **ဖိလိပ္ပိမြို့**ရှိ အသင်းတော်သို့ **သံပေါလု**အကျဉ်းခံနေစဉ်အချိန်တွင် ရေးသားထားသော စာဖြစ်သည်။ **ဖိလိပ္ပိမြို့**သည် **ရောမမြို့**၏ လက်အောက်ခံ၊**မာစီဒိုနီယာ**ပြည်တွင်တည်ရှိ၏။ အခြားသော ခရစ်ယာန်ခေါင်းဆောင်များက **သံပေါလု**အား အတိုက်အခံပြုခြင်းကြောင့်လည်းကောင်း **ဖိလိပ္ပိ**အသင်းတော်တွင် မှားယွင်းသော အယူဝါဒများဖြစ်ပေါ်နေသောကြောင့်လည်းကောင်း **သံပေါလု**က ဤစာကို ရေးသားလိုက်ခြင်းဖြစ်၏။ သို့သော် ဤစာ၌ တမန်တော်ကြီး၏ ဝမ်းမြောက်ရွှင်လန်းခြင်းစိတ်၊ ယုံကြည်စိတ်ချသောစိတ်တို့ကိုထင်ရှားစွာတွေ့ရှိရ၏။ ထိုသို့သော စိတ်ဓါတ်မျိုး ရှိရခြင်းမှာ **သံပေါလု**၌ ခရစ်တော်**ယေရှု**ကို ကြီးမားသော ယုံကြည်အားကိုးမှု ထားရှိသောကြောင့်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် **သံပေါလု**၌ အခက်အခဲတွေ့ချိန်တွင် **ဖိလိပ္ပိမြို့**ရှိ ခရစ်ယာန်တို့က လိုအပ်သော အကူအညီပေးပို့လာခြင်းအတွက် သူက ကျေးဇူးတင်စကားပြောကြားလိုသောကြောင့်လည်း ဖြစ်သည်။ မိမိကိုယ်တိုင်နှင့်**ဖိလိပ္ပိမြို့**ရှိ ခရစ်ယာန်များသည် ဒုက္ခဆင်းရဲနှင့်ကြုံတွေ့ရသော်လည်း စိတ်ပျက်အားလျော့ခြင်းမရှိ၊ ရဲရင့်တည်ကြည်စွာ ရှိမည့်အကြောင်းကိုလည်း ဖော်ပြထားသည်။ လောဘ၊ ရလိုမှုနှင့်မာန်မာနတို့ကို ဝေးစွာပယ်ရှားပြီး၊ ခရစ်တော်**ယေရှု**ကဲ့သို့မိမိတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြလျက် ဘဝသစ်ကို ခံယူရရှိ ခြင်းမှာ ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ကြောင့် ပင်ဖြစ်ကြောင်းနှင့်ထိုကျေးဇူးတော်ကို ရရှိရန်မှာ မိမိ တို့သည် ပညတ်တရားအတိုင်းလျှောက်လှမ်းခြင်းကြောင့် မဟုတ်၊ ခရစ်တော်**ယေရှု**ကို ယုံကြည်ခြင်းကြောင့်သာ ဖြစ်ကြောင်း တို့ကိုလည်း သတိရစေသည်။ ခရစ်တော် နှင့် တစ်လုံးတစ်ဝတည်းဖြစ်သူတို့အားဘုရားသခင်က မိမိ၏ ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းများပေးတော်မူကြောင်း ကိုလည်း ဖော်ပြထားသည်။

ခရစ်ယာန်တို့၏ ယုံကြည်ခြင်းနှင့် နေ့စဉ် အသက်ရှင်ခြင်းတို့၌ ယုံကြည်စိတ်ချခြင်း၊ ဝမ်းမြောက်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွဲ့သတ္တိများထားရှိရမည့် အကြောင်းတို့ကိုလည်း အလေးပေး ဖော်ပြထားသည်။ **ဖိလိပ္ပိ** အသင်းတော်အပေါ်၌ ရှင်**ပေါလု** ထားရှိသော မေတ္တာ သည် အလွန်ကြီးမားလှကြောင်းကို ဤဩဝါဒစာမှာ ထင်ရှားစွာ သက်သေခံလျက်ရှိသည်။

### ပါဝင်သော အကြောင်းအရာ အကျဉ်းချုပ်

နိဒါန်း ၁း၁–၁၁
သံပေါလုကိုယ်တိုင် ကြုံတွေ့သောအကြောင်းအရာများ ၁း၁၂–၂၆
ခရစ်တော်အားဖြင့် ရရှိသောဘဝ ၁း၂၇–၂း၁၈
**တိမောသေဦး**နှင့် **ဧပဖြာဒိတ်**တို့အတွက် စီစဉ်ချက်များ ၂း၁၉–၃၀
ရန်သူများနှင့်ဘေးအန္တရာယ်ရှိကြောင်းကို ကြိုတင်သတိပေးချက်များ ၃း၁ –၄း၉
ရှင်**ပေါလု**နှင့်**ဖိလိပ္ပိမြို့**ရှိမိတ်ဆွေများ ၄း၁၀–၂၀
နိဂုံး ၄း၂၁–၂၃

## အခန်းကြီး (၁)

၁။ ခရစ်တော်**ယေရှု**၏ အစေခံများဖြစ်သော ငါ**ပေါလု**
နှင့်**တိမောသေဦး**တို့သည်**ဖိလိပ္ပိမြို့**တွင်ရှိသောဆရာ
တော်များရဟန်းများမှစ၍ခရစ်တော်**ယေရှု** နှင့်တစ်
လုံးတစ်ဝဖြစ်ကြသည်။ သခင်ဘုရား၏ သန့်ရှင်းသူ
၂။ အပေါင်းတို့ထံသို့ စာရေးလိုက်ပါ၏။ ငါတို့အဘ
တည်းဟူသော ဘုရားသခင်နှင့် သခင်ခရစ်တော်
**ယေရှု**ထံတော်မှ ကျေးဇူးတော် နှင့် ငြိမ်သက်ခြင်း
၃။ သည် သင်တို့အားလုံး၌ ရှိပါစေသော်။ ငါသည်
သင်တို့ကို သတိရသည့်အခါတိုင်း ဘုရားသခင်ကို
၄။ ကျေးဇူးတင်မိပါ၏။ ငါသည် သင်တို့အားလုံး
အတွက် အစဉ်မပြတ် ဆုတောင်းပေးပါ၏။
၅။ အကြောင်းမှာ သခင်ဘုရား၏အမှုတော်ကိုငါစတင်
ဆောင်ရွက်သည့် အချိန်မှစ၍ ယနေ့တိုင်အောင်
သတင်းကောင်းကိုဟောပြောကြေငြာရာတွင် သင်တို့
သည် ငါနှင့်အတူ လုပ်ဆောင် ခဲ့ကြသောကြောင့်
၆။ ဖြစ်၏။ ထို့ကြောင့် သင်တို့တွင် ကောင်းသောအမှု
ကို ပြုတော်မူခဲ့သော ဘုရားသခင်သည် ခရစ်တော်
**ယေရှု**ကြွလာတော်မူသော နေ့အထိ ထိုအမှုကိုပြီး
မြောက်သည့်တိုင်အောင် ပြုတော်မူလိမ့်မည်ဟု ငါ
၇။ ယုံကြည်စိတ်ချလျက်ရှိပါ၏။ သင်တို့ကို ငါအစဉ်
မပြတ်အောက်မေ့၏။ ထို့ကြောင့် ငါသည် သင်တို့
နှင့်ပတ်သက်၍ ဤသို့မှတ်ယူ၏။ ငါသည် ယခု
အကျဉ်းခံလျက်ရှိသော အချိန်နှင့် သတင်းကောင်း

ကို လွတ်လပ်စွာ သက်သေခံလျက် တည်တံ့ခိုင်မြဲ
စေသော အချိန်များကိုစသည့်ဘုရားသခင် ငါ့အား
ပေးသနားတော်မူသော အခွင့်ထူးများတွင် သင်တို့
၈။ သည်အတူ ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ ငါသည်
သင်တို့ကို ခရစ်တော်**ယေရှု**၏မေတ္တာတော်အားဖြင့်
အမှန်ပင် လွမ်းဆွတ်သတိရလျက်ရှိသည်မှာ ဘုရား
၉။ သခင်သည် ငါ၏သက်သေဖြစ်တော်မူ၏။ သင်တို့
အားလုံးသည် စစ်မှန်သော ဝေဖန်ပိုင်းခြားတတ်
သော စွမ်းရည်ဉာဏ်ပညာတို့နှင့်ပြည့်စုံ၍ မေတ္တာ
ပါရမီ၌ ပိုမို တိုးပွားလာကြစေရန်အတွက် ငါဆု
၁၀။ တောင်းပတ္တနာပြုပါ၏။ သို့မှသာလျှင်သင်တို့သည်
အမြင့်မြတ်ဆုံးသော အရာကို ရွေးချယ်နိုင်ကြမည်
ဖြစ်သည်။ ထို့အပြင် သင်တို့အားလုံးသည် ခရစ်
တော်ကြွလာတော်မူသော နေ့ရက်၌ အညစ်အကြေး
နှင့်ကင်းစင်ကြလျက် အပြစ်တင်ခွင့်နှင့် ကင်းလွတ်
၁၁။ ကြလိမ့်မည်။ ထို့အပြင် သင်၏ ဘဝသက်တာတွင်
လည်း ဘုရားသခင်၏ ဘုန်းတော်ဂုဏ်တော်ထွန်း
တောက်စေရန်နှင့် ဂုဏ်တော် ချီးမွမ်းရန်အတွက်
သခင်**ယေရှု** ခရစ်တော်ရှင်အားဖြင့်သာလျှင် ပေး
သနားနိုင်သော စစ်မှန်သည့် အရည်အသွေးကောင်း
များနှင့်ပြည့်စုံကြမည်ဖြစ်သည်။

## အသက်ရှင်ခြင်းသည်ကား ခရစ်တော်ပင်ဖြစ်၏

၁၂။ ညီအစ်ကိုတို့ ငါတွေ့ကြုံသော အမှုအရာအဖြစ်
အပျက်များသည်သတင်းကောင်းကိုကြေညာရာတွင်
အမှန်ပင်အထောက်အကူပြုကြောင်းကို သင်တို့အား
၁၃။ ငါကြားသိစေလိုပါ၏။ ထိုသို့သောအားဖြင့် ခရစ်
တော်ကြောင့် ငါအကျဉ်းခံရသော အကြောင်းအရာ
သည် နန်းတော်၌အနှံ့အပြားထင်ရှားသည်သာမက
၁၄။ အခြားသော အရပ်များ၌လည်း သိရှိကြ၏။ ဤသို့
ငါအကျဉ်းခံရခြင်း အကြောင့်ကြောင့်ပင် သခင်
ဘုရား၌ရှိကြသော ညီအစ်ကိုများစွာတို့သည်ဘုရား
သခင်အပေါ်တွင် ယုံကြည်ခြင်းစိတ်ပိုမိုတိုးပွားလာ
ကြ၏။ ထို့ကြောင့် သူတို့သည် နှုတ်ကပတ်တရား
တော်ကို မကြောက်သူတို့သည် နှုတ်ကပတ်တရား
တော်ကိုမကြောက်မရွံ့ဘဲ ပိုမိုရဲဝံ့စွာ ဟောပြောကြ
၁၅။ ၏။ အချို့သော သူတို့သည် ခရစ်တော်၏ တရား
တော်ကို မနာလိုသောစိတ် ရန်တွေ့လိုသောစိတ်နှင့်
ဟောပြောကြ၏။ အချို့မှာမူကား စစ်မှန်သောစိတ်
၁၆။ ကောင်း၊ နှလုံးကောင်းဖြင့် ဟောပြောကြ၏။ အချို့
သောသူတို့ကမူ ငါသည် သခင်**ယေရှု**အကြောင်း
သတင်းကောင်းကို ကာကွယ်ဟောပြောရန်အတွက်
ဘုရားသခင် ခန့်ထားတော်မူကြောင်းကို သိကြ
သောကြောင့် မေတ္တာစိတ် နှင့် ဟောပြောကြ၏။
၁၇။ အချို့သောသူတို့သည် ခရစ်တော်**ယေရှု**အကြောင်း
ကို ရိုးသားသော စိတ်နှလုံးမရှိဘဲ မိမိကိုယ်ကို
ကျော်ကြားလိုသော စိတ်ဆန္ဒဖြင့် ဟောပြောကြ၏။
သူတို့၏ မရိုးသားသော လုပ်ရပ်များမှာ အကျဉ်းခံ
နေရသော ငါ့အား ပို၍ပင် စိတ်ဒုက္ခ ရောက်ရှိစေ
၁၈။ သည်။ ဟောပြောသောနည်းမှာအရေးမကြီးပါ၊ မှား
ယွင်းသော ရည်ရွယ်ချက်ဖြင့်ဟောပြောသည်ဖြစ်စေ၊
မှန်ကန်သောရည်ရွယ် နှင့် ဟောကြားသည်ဖြစ်စေ၊
ဟောပြောသည်ဖြစ်စေ၊ ဟောပြောသော အကြောင်း
အရာသည် ခရစ်တော်၏အကြောင်းကိုသာ ဟော
ပြောကြေငြာခြင်းဖြစ်သဖြင့် ငါဝမ်းမြောက်ခြင်းရှိ၏။
ငါသည် ဆက်လက်၍ ဝမ်းမြောက် ရွှင်လန်းလျက်
၁၉။ နေမည်။ အဘယ်ကြောင့်ဆိုသော် သင်တို့၏ ဆု
တောင်း မေတ္တာကြောင့်လည်းကောင်း၊ ခရစ်တော်
**ယေရှု**၏ ဝိညာဉ်တော်ထံမှရရှိသော ကူညီစောင့်မ
မှုတို့ကြောင့် လည်းကောင်း၊ ဤအနှောင်အဖွဲ့မှ
၂၀။ လွတ်မြောက်မည်ကိုငါသိရှိ၏။ ငါသည် မည်သည့်
အခါမျှ မိမိ၏တာဝန်ကို မပျက်ကွက်စေဘဲလျက်
အရာခပ်သိမ်းတို့၌လည်းကောင်း၊အထူးသဖြင့် ယခု
အချိန်၌လည်းကောင်း၊ငါသည်ရဲစွမ်းသတ္တိနှင့်ပြည့်စုံ
လျက် အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ
ငါ့အစွမ်းသတ္တိရှိသမျှနှင့် ခရစ်တော်၏ဘုန်းထင်ရှား
လာစေရန် အလွန်မျှော်လင့်တောင့်တခြင်းရှိ၏။
၂၁။ အသက်ရှင်ခြင်ဟူသည်မှာအဘယ်နည်း။ ငါ၏အဖို့
မှာ အသက်ရှင်ခြင်းသည် ခရစ်တော်ပင်ဖြစ်၏။
၂၂။ သေလျှင်မူကား သာ၍ အကျိုးရှိ၏။ သို့ရာတွင်
အကယ်၍ ငါသည်ဆက်လက်အသက်ရှင်ခြင်းအား
ဖြင့် ပိုမိုအကျိုးပြုနိုင်မည်ဆိုပါလျှင် အသက်ရှင်
ခြင်းနှင့် သေခြင်းတို့အနက် မည်သည်ကို ရွေးချယ်
၂၃။ ရပါမည်နည်း။ ငါ့တွင် စိတ်နှစ်ခွဖြစ်လျက်ရှိ၏။
ငါသည် ဤလောကကိုစွန့်ခွါ၍ ခရစ်တော်နှင့်အတူ
နေလိုသောဆန္ဒပြင်းပြလျက် ဤသို့ပြုခြင်းသည် ငါ့
၂၄။ အတွက် အကျိုးရှိနိုင်ပေမည်။ သို့သော်လည်း သင်
တို့၏ အကျိုးကိုထောက်မျှော်၍ ငါသည် ဤလော
ကတွင် အသက်ရှင် နေထိုင်ခြင်းကား ပို၍ပင်

၂၅။ အကျိုးရှိနိုင်မည်ဖြစ်၏။ ဤသို့ အကျိုးရှိလိမ့်မည်
ဟု ယုံကြည်မှုရှိသောကြောင့်သင်တို့သည်ယုံကြည်
ခြင်း၌ တိုးပွား၍ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံစေရန်
၂၆။ အတွက် ငါသည် သင်တို့နှင့်အတူနေမည်။ ဤသို့
ဖြင့် ငါသည် သင်တို့ရှိရာသို့ တစ်ဖန်ရောက်လာ
သောအခါ ခရစ်တော်**ယေရှု**နှင့်တစ်လုံးတစ်ဝတည်း
ရှိကြသော သင်တို့သည် ငါ့အတွက်ကြောင့်ပို၍ပင်
၂၇။ ဝမ်းမြောက်ဂုဏ်ယူဖွယ် ဖြစ်ကြလိမ့်မည်။ ယခုတွင်
အရေးကြီးသောအရာမှာ သင်၏ဘဝအသက်တာကို
ခရစ်တော်၏တရားတော်နှင့်အညီ ပြုမူနေထိုင်ကြရ
ပေမည်။ သို့မှသာ သင်တို့ထံသို့ ငါပြန်လာသည်
ဖြစ်စေ မလာသည်ဖြစ်စေ၊ ဧဝံဂေလိတရားနှင့်
ဆိုင်သော ယုံကြည်ခြင်းအတွက် သင်တို့သည်
တစ်ပါးတည်းသောစိတ်၌တည်၍ တစ်ညီတစ်ညွတ်
တည်း ကြိုးစားလျှက်ရှိကြောင်းကို ငါတွေ့မြင်ကြား
၂၈။ သိလိုပါ၏။ သင်တို့ကို ဆန့်ကျင်သူများကြောင့်
ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိကြနှင့်။ အစဉ်အမြဲရဲရင့်
ကြလော့။ အကြောင်းမူကား ဤသို့ ဘုရားသခင်
စီရင်တော်မူခြင်းအားဖြင့် ရန်သူတို့သည်ရှုံးနိမ့်မည်
ဖြစ်ကြောင်းနှင့် သင်တို့မူကား အောင်မြင်မှုရှိမည်
ဖြစ်ကြောင်းတို့ကို ရန်သူတို့အား သက်သေပြကြ
၂၉။ လိမ့်မည်။ အကြောင်းမူကား သင်တို့သည် ခရစ်
တော်ကို ယုံကြည်ခြင်းရှိသည်သာမက ကိုယ်တော်
အတွက် ဒုက္ခဆင်းရဲကို ခံခြင်းအားဖြင့်လည်း
ကိုယ်တော်၏ အမှုတော်ကိုဆောင်ရွက်ရန် အခွင့်
၃၀။ ထူးကိုရရှိခဲ့ကြ၏။ ယခုတွင် သင်တို့သည် ငါနှင့်
အတူ တိုက်ပွဲဝင်နိုင်ကြလေပြီ။ ယခင်က ငါတိုက်
ပွဲဝင်ခဲ့သည်ကိုသင်တို့သိမြင်ခဲ့ကြပြီ။ သင်တို့ကြား
သိသည့်အတိုင်း ယခုတွင်လည်း ငါသည် ဆက်
လက်၍ တိုက်ပွဲဝင်ဆဲရှိ၏။

## အခန်းကြီး (၂)

## ခရစ်တော်ယေရှု၏နှိမ့်ချခြင်းကို ပုံတူယူခြင်း

၁။ သင်တို့သည် ခရစ်တော်၌ အသက်ရှင်ခြင်းအားဖြင့်
ခွန်အားကိုရရှိခြင်း ကိုယ်တော်၏မေတ္တာ၌နှစ်သိမ့်မှု
ကိုရရှိခြင်း၊ ဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခွင့်ရ
၂။ ရှိခြင်း၊အချင်းချင်း သနားစုံမက်ခြင်းတည်းဟူသော
အရာတစ်စုံတစ်ခုရှိလျှင် သင်တို့သည် အချင်းချင်း
ချစ်ကြ၍ တစ်လုံးတစ်ဝတည်းရှိခြင်း စိတ်သဘော
တစ်ညီတစ်ညွတ်တည်း ရှိခြင်းအားဖြင့် ငါဝမ်း
၃။ မြောက်စရာအကြောင်းကိုစုံလင်စေကြလော့။ တုပြိုင်
ရန်ပြိုင်ရန် ပြုလိုသောစိတ် အကျိုးမဲ့ကျော်ကြားခြင်း
ကို တပ်မက်သောစိတ်တို့ဖြင့် မည်သည့်အမှုကိုမျှ
မပြုကြနှင့်။ တစ်နည်းအားဖြင့် သူတစ်ပါးသည်
မိမိထက်သာလွန်သည်ဟု အစဉ်ခံယူလျှင် စိတ်နှိမ့်
၄။ ချခြင်းရှိကြလော့။ မိမိ၏ အကျိုးကိုသာ မရှာဘဲ
၅။ အချင်းချင်း၏ အကျိုးကို ရှာကြလော့။ ခရစ်တော်
**ယေရှု**၌ရှိသော စိတ်သဘောကို သင်တို့၌လည်းရှိ
၆။ စေကြလော့။ ထိုသခင်သည် ဘုရားသခင်၏အဖြစ်
တော်၌ ပြည့်စုံတော်မူသော်လည်း ဘုရားသခင်နှင့်
ဂုဏ်ရည်တူရန် ကြိုးစားသင့်သည်ဟုထင်မှတ်တော်
၇။ မမူ။ မိမိ၏ဘုရားဘုန်းဂုဏ်တော်ကို စွန့်၍ အစေခံ
ကျွန်၏သဏ္ဌာန်ကို ဆောင်တော်မူလျှက် လူအဖြစ်၌
၈။ မွေးဖွားခြင်းကိုခံတော်မူ၏။ ထိုသို့ လူ၏ဂုဏ်အင်္ဂါ
လက္ခဏာနှင့်ပြည့်စုံလျှက် အသေခံခြင်းသာမဟုတ်၊
လက်ဝါးကပ်တိုင်တွင် အသေခံခြင်း တိုင်အောင်
၉။ အစေခံ၍ မိမိကိုယ်ကို နှိမ့်ချတော်မူ၏။ ဤ
အကြောင်းကြောင့် ဘုရားသခင်သည် ကိုယ်တော် ကို
အထက်ဘဝင်သို့တိုင်အောင် ချီးမြှောက်၍ ဘွဲ့
နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမကို ပေး
၁၀။ သနားတော်မူ၏။ ထို့ကြောင့် ကောင်းကင်၊မြေကြီး
နှင့် မြေကြီးအောက်ရှိသတ္တဝါ အပေါင်းတို့သည်
သခင်**ယေရှု**၏ နာမတော်ကို ရှိသေဦးညွှတ်လျက်
၁၁။ **ယေရှု**ခရစ်တော်သည် အရှင်သခင်ဖြစ်တော်မူသည်
ဟု နှုတ်မှဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်း
တော်ဂုဏ်တော်ကို ထွန်းတောက်စေကြလိမ့်မည်။
၁၂။ သို့ဖြစ်၍ ချစ်ဆွေတို့ သင်တို့သည် ငါနှင့်ရှိစဉ်တွင်
ငါ၏စကားကို နားထောင်ခဲ့ကြသည့်နည်းတူ ယခု
ကဲ့သို့ သင်တို့နှင့်ဝေးကွာလျှက် ရှိချိန်တွင်လည်း
ငါ့စကားကိုအစဉ်သဖြင့် နားထောင်ကြသည့်အတိုင်း
ကိုယ်ကို ကယ်တင်ခြင်းငှာ ကြောက်ရွံ့တုန်လှုပ်
သောစိတ်နှင့်ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။
၁၃။ အကြောင်းမှာ သင်တို့၌ဘုရားသခင်နှစ်သက်ရာကို
လုပ်ဆောင်လိုသော စိတ်ဆန္ဒသာမက လုပ်ဆောင်
နိုင်သော စွမ်းအားကိုလည်း ပေးသနားသောသူမှာ
၁၄။ ဘုရားသခင်ပင် ဖြစ်တော်မူ၏။ လုပ်ဆောင်စရာရှိ
သမျှတို့၌ ညည်းညူခြင်း၊ ငြင်းခုံခြင်း မရှိဘဲပြုလုပ်
၁၅။ ကြလော့။ သို့မှသာလျှင် သင်တို့သည် အပြစ်တင်

ခွင့်မရှိ၊ မည်သူ့ကိုမျှ မပြစ်မှားဘဲ နေကြသဖြင့်
ဖောက်ပြန်၍ အပြစ်ကျူးလွန်သော လူများအကြား
တွင်မည်သည့်အပြစ်မျှမရှိသောသူများဘုရားသခင်
၁၆။ ၏ သားသမီးများဖြစ်ကြလိမ့်မည်။ဤသို့ဖြင့် သင်
တို့သည် ထာဝရအသက်နှင့်ဆိုင်သော နှုတ်ကပတ်
တရားတော်ကို ဟောပြော သက်သေခံကြလျက်
စကြာဝဠာကြီးထဲ၌ ကြယ်တာရာများ ထွန်းလင်း
တောက်ပသကဲ့သို့ ထိုသူများအလယ်တွင် သင်တို့
၁၇။ သည် ထွန်းလင်းကြရမည်။ ထိုမျှမက သင်တို့ယုံ
ကြည်၍ ပူဇော်သောယဇ်အပေါ်တွင် ငါ၏အသက်
သွေးကို သွန်းလောင်း ရမည်ဆိုလျှင်လည်း ဝမ်း
မြောက်ခြင်းရှိ၏။ သင်တို့ ရှိသမျှနှင့်အတူ ငါဝမ်း
၁၈။ မြောက်ခြင်းရှိ၏။ ထိုနည်းတူ သင်တို့သည်လည်း
ဝမ်းမြောက်ကြလော့။ ငါနှင့်အတူ ဝမ်းမြောက်ကြ
၁၉။ လော့။ သင်တို့၏အကြောင်း သတင်းကောင်းကို
ငါကြားသိရ၍ စိတ်နှစ်သိမ့်အာရမှုရရှိစေရန် သခင်
ဘုရားအလိုတော်ရှိလျှင် **တိမောသေ**ကို သင်တို့ထံ
သို့ မကြာမီ စေလွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်မိ
၂၀။ သည်။ အကြောင်းမှာ **တိမောသေ**သည် သင်တို့၏
အကျိုးကို အမှန်ပင်လိုလားသောသူဖြစ်ပြီးထိုကဲ့သို့
စိတ်သဘောတူသောသူမျိုး ငါတို့တွင် တစ်ယောက်
၂၁။ မျှမရှိ။ အခြားသောသူတို့သည် ခရစ်တော်**ယေရှု**၏
အကျိုးကိုမရှာ၊ ကိုယ့်အကျိုးကိုသာ ရှာဖွေတတ်ကြ
၂၂။ ၏။ သို့သော်လည်း သားဖြစ်သူသည်အဘနှင့်အတူ
လုပ်ဆောင်သကဲ့သို့ **တိမောသေ**သည် ငါနှင့်အတူ
တိုက်ပွဲဝင်ခဲ့သူ ငါ့ကို ပြုစုစောင့်ရှောက်ရန်အတွက်
သင်တို့စေလွှတ်သောသူ သတင်းကောင်းပျံ့ပွားရေး
အတွက် မည်သို့ လုပ်ဆောင် ရွက်ခဲ့ကြကြောင်းကို
၂၃။ သင်တို့ သိကြ၏။ ငါ၌ မည်သို့ဖြစ်မည်ကိုသိလျှင်
သိချင်း သင်တို့ထံသို့ သူ့ကိုစေလွှတ်နိုင်မည်ဟု ငါ
၂၄။ မျှော်လင့်ချက်နေ၏။ ထိုမျှမက ငါကိုယ်တိုင်၊ သင်
တို့ရှိရာသို့ မကြာမီ လာနိုင်လိမ့်မည်ဟူ၍ သခင်
ဘုရားအားဖြင့် ယုံကြည်စွဲမှတ်လျက်ရှိ၏။
၂၅။ ငါ၏လုပ်ဖော်ကိုင်ဘက် ငါနှင့်အတူ တိုက်ပွဲဝင်ခဲ့ သူ
ငါ့ကို ပြုစုစောင့်ရှောက်ရန်အတွက် သင်တို့စေ
လွှတ်သောသူ ငါတို့၏ညီ**ဧပဖြောဒိတုစ်**ကို သင်တို့
ရှိရာသို့ ယခုစေလွှတ်သင့်သည်ဟု ငါယူဆ၏။
၂၆။ အကြောင်းမူကား သူသည် သင်တို့အားလုံးကို
လွမ်းဆွတ်လျက်နေ၏။ သူဖျားနာသည့်သတင်းကို
သင်တို့ ကြားသိသွားသဖြင့် သူသည် စိတ်မချမ်း
၂၇။ မသာဖြစ်လျက်နေ၏။ သူသည်အမှန်ပင် သေလုနီး
ပါးဖျားနာခဲ့၏။ သို့သော်ဘုရားသခင်သည် သူ့ကို
သနားတော်မူ၏။ သူ့ကိုသာလျှင်သနားတော်မူသည်
မဟုတ်။ ငါ့ကိုလည်း ဝမ်းနည်းခြင်း နှင့် ထပ်ဆင့်
၂၈။ မကြုံတွေ့စေရန် သနားတော်မူ၏။ထို့ကြောင့် သင်
တို့သည် တစ်ဖန်သူ့ကိုတွေ့မြင်ရသဖြင့်ဝမ်းမြောက်
ကြစေရန်နှင့် ငါ၏စိတ်ကို သက်သာခြင်းရှိစေရန်
တို့အတွက် သင်တို့ထံသို့ သူ့ကိုငါစေလွှတ်ရန် ပိုမို
၂၉။ စိတ်အားထက်သန်လျက်ရှိ၏။ သို့ဖြစ်၍ သင်တို့
သည် သခင်ဘုရား၏မျက်နှာကိုထောက်ပြီး၊သူ့အား
ဝမ်းမြောက်သော စိတ်ဖြင့် လက်ခံကြလော့။ ထိုသို့
၃၀။ သော သူတို့ကိုရိုသေလေးစားကြလော့။ အကြောင်း
မူကား သင်တို့သည် ငါ့အားပြုစုခြင်းတွင် မပြည့်စုံ
သေးသောဝတ်ကို ပြည့်စုံစေခြင်းငှာ သူသည် မိမိ
အသက်ကို စွန့်စားပြီး ခရစ်တော်၏အမှုတော်ကို
သေလုနီးသည့်တိုင်အောင် ကြိုးစားထမ်းဆောင်ခဲ့
လေပြီ။

## အခန်းကြီး (၃)
## စစ်မှန်သောဖြောင့်မတ်ခြင်း

၁။ နိဂုံးချုပ်အားဖြင့် ညီအစ်ကိုတို့ သခင်ဘုရား၌ဝမ်း
မြောက်ခြင်းရှိကြလော့။ ယခင်ကရေးပြီးသောအရာ
များကို ယခုထပ်မံရေးသားရန်ငါ၌ဝန်လေးခြင်းမရှိ။
၂။ သင်တို့မူကား ပို၍လုံခြုံခြင်းရှိကြလိမ့်မည်။ ခွေးတို့
ကို ရှောင်ကြလော့။ မကောင်းသော အကျင့်ကို
ကျင့်သောသူတို့အားရှောင်ကြဉ်ကြလော့။ အရေဖျား
လှီးခြင်းမင်္ဂလာကိုခံယောင်ဆောင်သော သူတို့အား
၃။ ရှောင်ကြဉ်ကြလော့။ အရေဖျားလှီးခြင်း မင်္ဂလာ
အစစ်အမှန်ကို ခံယူသောသူတို့အား ငါတို့သာလျှင်
ဖြစ်ကြ၏။ အကြောင်းမူကား ငါတို့သည် စိတ်
ဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်၍ ငါတို့
၏ကုသိုလ်ကောင်းမှု၌ ကိုးစားခြင်းမရှိ၊ ခရစ်တော်
**ယေရှု**၌သာ ယုံကြည်အားကိုး ဝမ်းမြောက်ခြင်းရှိ
၄။ သောကြောင့်ဖြစ်၏။ ဇာတိ၌ကိုးစားခြင်းစိတ်သည်
ငါနှင့်မကင်းလွတ်ပေ။ အကယ်၍တစ်စုံတစ်ယောက်
သောသူသည် ထိုဇာတိ၌ကိုးစားခြင်းရှိ၏ဟု ထင်ရ
ပါလျှင် ငါမူကား ထိုသူထက်ပင်ပို၍ ကိုးစားနိုင်
၅။ စရာအကြောင်းရှိ၏။ ငါသည် ရှစ်ရက်မြောက်သော

နေ့၌ အရေဖျားလှီးခြင်းမင်္ဂလာကိုခံယူခဲ့၏။ **အစ္စ
ရေးလ်**လူမျိုး **ဗင်္ယာမိန်**အနွယ်ဝင် **ဟေဘရူး**မိဘ
များမှ ဆင်းသက်သော **ဟေဘရူး**လူစင်စစ်ဖြစ်၏။
ပညတ် တရားစောင့်ထိန်းမှုနှင့် ပတ်သက်၍ဆိုရ
သော် ငါသည် ဖာရိရှဲတစ်ဦးလည်းဖြစ်၏။
၆။ ဘာသာရေး စိတ်အားထက်သန်မှုဘက်၌ ဆိုရသော်
ငါသည် အသင်းတော်ကို ညှင်းပမ်းနှိပ်စက်သော
သူဖြစ်၏။ ပညတ်တရားအားဖြင့် ရရှိသော
ဖြောင့်မတ်ခြင်းကို ဖြေရလျှင် ငါသည် အပြစ်တင်ခွင့်
နှင့်ကင်းလွတ်သောသူ ဖြစ်၏။
၇။ သို့သော်လည်း ငါသည်ခရစ်တော်ကို တွေ့ရှိလာရ
သည့်အချိန်၌မူကား ယခင်က ငါ့အတွက် အမြတ်
ဟူ၍ မှတ်ယူခဲ့သော ထိုအရာများကို အရှုံးဟူ၍
၈။ ငါမှတ်ပြီ။ ထိုမျှမက ငါ၏အရှင် ခရစ်တော်
**ယေရှု**ကို သိကျွမ်းရခြင်းသည် မည်မျှကောင်းမြတ်
တော်မူသည်ကိုထောက်သော် ခပ်သိမ်းသောအရာ
တို့ကို ရှုံးစေသောအရာများဟူ၍ ငါမှတ်ယူ၏။ ငါ
သည် ခရစ်တော်ကိုအမြတ်ရနိုင်ရန် ကိုယ်တော်နှင့်
တစ်လုံးတစ်ဝတည်း ရှိနိုင်ရန်တို့အတွက် အရာခပ်
သိမ်းသော အရာတို့ကို ရှုံးစေသော အရာများဟူ၍
ငါမှတ်ယူ၏။ ငါသည် ခရစ်တော်ကို ရနိုင်ရန်
ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ရှိနိုင်ရန် တို့
အတွက် အရာခပ်သိမ်းသောအရာများကို အမှိုက်
၉။ သရိုက်များကဲ့သို့ ငါထင်မှတ်၏။ ငါသည် ပညတ်
တရားကို စောင့်ထိန်းခြင်းအားဖြင့် ဖြောင့်မတ်ခြင်း
မရရှိပေ။ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ
လျှင်ဖြောင့်မတ်ခြင်းကိုရရှိ၏။ ထိုသို့သော ဖြောင့်
မတ်ခြင်းသည် ယုံကြည်ခြင်း အပေါ်တွင် အခြေခံ
၁၀။ ပေသည်။ ငါသည် ခရစ်တော်ကိုသိကျွမ်းခြင်း ရှင်
ပြန်ထမြောက်ခြင်း၏ တန်ခိုးတော်ကို ခံစားခြင်း
ခရစ်တော်နှင့်အတူ ဆင်းရဲဒုက္ခခံခြင်းနှင့်ကိုယ်တော်
အသေခံတော်မူခြင်း၌ ပါဝင်ခြင်းတို့ကိုသာ လိုချင်
၁၁။ တောင့်တခြင်းရှိ၏။ သို့မှသာလျှင် ငါသည်လည်း
သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းအခွင့်ကို ရမည်ဟု
၁၂။ မျှော်လင့်နိုင်ပေသည်။ ငါသည် ပန်းတိုင်သို့ရောက်
ရှိပြီး၊ စုံလင်ခြင်း ဆုကျေးဇူးကို ပိုင်ဆိုင်ပြီဟူ၍
ငါမဆိုလို။သို့သော်ထိုဆုကိုပေးရန်အတွက်ခရစ်တော်
**ယေရှု**သည် ငါ့အား ဆွဲဆောင်တော်မူပြီဖြစ်သော
ကြောင့် ငါသည် ထိုဆုကိုရရှိနိုင်ရန် ကြိုးစားလျက်
၁၃။ နေ၏။ ညီအစ်ကိုတို့ ငါသည် ထိုဆုကိုရရှိပြီဟု
မထင်မှတ်။ ငါပြုသည့်တစ်ခုတည်းသော အရာမှာ
ငါသည် နောက်၌ရှိပြီးသောအရာတို့ကို မေ့လျော့၍
ရှေ့တွင်ရှိသော အရာများကိုသာရှေ့ရှုပြီး ရရှိရန်
၁၄။ အစွမ်းကုန်ကြိုးစားလျက်နေ၏။ သို့ဖြစ်၍ ငါသည်
ခရစ်တော်**ယေရှု**အားဖြင့် ဘုရားသခင်၏အထက်
အရပ်နှင့်ဆိုင်သော ခေါ်တော်မူခြင်းဆုကျေးဇူးတော်
ရရှိရန်ဦးတည်လျက်အဆုံးထိတိုင်ပြေးနေဆဲဖြစ်၏။
၁၅။ ဝိညာဉ်ရေးတွင် ရင့်ကျက်စုံလင်သော သူတို့သည်
ဤစိတ်သဘောကို စွဲလမ်းကြရမည်။ အကယ်၍
သင်တို့တွင် ထိုစိတ်သဘောနှင့်ကွဲလွဲခြင်းရှိပါလျှင်
၎င်းကိုဘုရားသခင်သည် ရှင်းလင်းစွာ ဖော်ပြတော်
၁၆။ မူလိမ့်မည်။ မည်သို့ပင်ဆိုစေ၊ ယနေ့တိုင်အောင်
ငါတို့တစ်ဦးစီ လျှောက်လှမ်းနေဆဲနေရာမှ ရှေ့သို့
ဦးတည်လျက် ဆက်လက် လျှောက်လှမ်းကြပါစို့။
၁၇။ ညီအစ်ကိုတို့ ငါကျင့်သည့်နည်းတူ သင်တို့သည်
လည်း တစ်ညီတစ်ညွတ်တည်းကျင့်ကြလော့။ငါတို့
ပြသော စံနမူနာကောင်းကို လိုက်ကြသော သူတို့
၁၈။ အားလည်း ရှုမှတ်ကြလော့။ အကြောင်းမူကား ငါ
သည် ဤအချက်ကိုကြိမ်ဖန်များစွာ ဖော်ပြခဲ့ဖူးပြီ။
ယခုလည်းထပ်မံ၍ မျက်ရည်ဖြင့် သတိပေးလိုက်ပါ
၏။ ခရစ်တော်၏လက်ဝါးကပ်တိုင်ကို ရန်ဘက်
၁၉။ ပြု၍ ကျင့်သောသူများစွာရှိကြ၏။ ထိုသူတို့သည်
ပျက်စီးခြင်းနှင့် လမ်းဆုံးကြလိမ့်မည်။ ထိုသူတို့၏
ဘုရားမူကား သူတို့၏ ဝမ်းပေတည်း။ သူတို့သည်
ရှက်ကြောက်သင့်သောအရာတို့တွင် ဂုဏ်ယူဝါကြွား
ကြ၏။ လောကနှင့်ဆိုင်သောအရာတို့ကိုသာ စိတ်
၂၀။ စွဲလန်းခြင်းရှိကြ၏။ ငါတို့ကျင့်သောအကျင့်မူကား
ကောင်းကင်ဘုံနှင့် စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်
တော်မူသောအရှင် ခရစ်တော်**ယေရှု**သည် ကောင်း
ကင်ဘုံမှ ကြွလာတော်မူမည်ကို မျှော်လင့်လျက်နေ
၂၁။ ကြ၏။ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို
မိမိ၏ အာဏာစက်အောက်သို့ ရောက်စေတော်မူ
သော တန်ခိုးတော်အားဖြင့် ငါတို့၏သေကြေပျက်
စီးတတ်သော ကိုယ်ခန္ဓာကိုလည်း ဘုန်းအသရေ
တော်နှင့် ပြည့်စုံသော ကိုယ်ခန္ဓာတော်နည်းတူ ဖြစ်
စေခြင်းငှာ၊ အသစ်တဖန် ပြောင်းလဲစေတော်မူလိမ့်
မည်။

# အခန်းကြီး (၄)

## နောက်ဆုံးညွန်ကြားချက်များ

၁။ ငါသည် ညီအစ်ကိုတို့ သင်တို့ကို ငါအလွန်ချစ်ခင်
လွမ်းဆွတ်ပါ၏။ ငါသည် သင်တို့ကိုအကြောင်းပြု
၍အလွန်ဝမ်းမြောက်ဂုဏ်ယူခြင်းရှိပါ၏။ ချစ်သော
ညီအစ်ကိုတို့ ငါဆိုခဲ့ပြီးသည့်အတိုင်းသခင်ဘုရား၌
၂။ တည်နေကြလော့။ **ဧဝေါဒိ**နှင့်**ဆင်တိကေ**တို့ သခင်
ဘုရား၌တစ်ဦးနှင့်တစ်ဦး စိတ်သဘောတစ်ညီတစ်
ညွတ်တည်း ဖြစ်ရမည့်အကြောင်း ငါတောင်းပန်ပါ
၃။ ၏။ ငါ၏လုပ်ဖော်ဆောင်ဘက်ဖြစ်သော **ဆိစိကု**
သင်သည်လည်း ထိုအမျိုးသမီးများကို ကူညီမစပါ
လော။အကြောင်းမူကား သူတို့သည် ငါအပါအဝင်
**ကလေမင်**မှစ၍ ဘုရားသခင်၏ အသက်စာစောင်
စာရင်းတွင်ပါဝင်သောအခြားသူတို့၏လုပ်ဖော်ဆောင်
ဘက်တို့နှင့်အတူ ဧဝံဂေလိတရားကိုဟောပြောသော
အမှု၌ကူညီ၍ ကြိုးစားလုပ်ဆောင်ခဲ့ကြသောသူများ
၄။ ဖြစ်ကြ၏။ သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်
ရွှင်လန်းခြင်းရှိကြလော့။ တဖန် ငါဆိုသည်ကား
၅။ ဝမ်းမြောက်ကြလော့။ လူအပေါင်းတို့၏ရှေ့၌ သင်
တို့၏ နူးညံ့သိမ်မွေ့သောစိတ်သဘောကို ထင်ရှား
စေကြလော့။ သခင်ဘုရားသည်အနီးအပါး၌ရှိတော်
၆။ မူ၏။ မည်သည့်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ ခပ်သိမ်း
သောအမှုတို့၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကိုပြု၍
ဆုတောင်းပတ္ထနာပြုလျက် သင်တို့ လိုလားသော
အရာများကို ဘုရားသခင်အား လျှောက်ထားကြ
၇။ လော့။ ထိုသို့ပြုလျှင် မည်သူမျှကြံဆနားလည်းရန်
မစွမ်းနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည်
ခရစ်တော်**ယေရှု**အားဖြင့် သင်တို့၏ စိတ်နှလုံးကို
၈။ စောင်မတော်မူလိမ့်မည်။ နိဂုံးချုပ်ဆိုရသော် ညီ
အစ်ကိုတို့ သင်တို့သည်မှန်ကန်သောအရာ၊မွန်မြတ်
သောအရာ၊ လျောက်ပတ်သောအရာ၊ ဖြူစင်သော
အရာ၊ နှစ်သက်ဖွယ်သောအရာ အသရေရှိသော
အရာတည်းဟူသော ကောင်းမြတ်၍ ချီးမွမ်းဖွယ်
သော အရာရှိသမျှတို့ကို နှလုံးသွင်းကြလော့။
၉။ ငါ၏အထံတွင် သင်တို့ သင်ကြားသိမြင်ခဲ့သမျှကို
ပြုကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ငြိမ်သက်ခြင်း၏
အရှင်၊ ဘုရားသခင်သည် သင်တို့နှင့်အတူ ရှိလိမ့်
မည်။

## ခံစားရရှိသမျှအတွက် ကျေးဇူးတင်ခြင်း

၁၀။ ဤမျှ အချိန်ကြာညောင်းပြီးမှ သင်တို့၏မေတ္တာ
စေတနာကို ငါ့အားအသစ်တစ်ဖန်ပြန်၍ပြကြသည့်
အတွက် ငါသည်သခင်ဘုရား၌ အလွန်ဝမ်းမြောက်
ခြင်းရှိ၏။ ယခင်က သင်တို့သည် ငါ့အပေါ်တွင်
မေတ္တာစေတနာ မထားဘဲနေခဲ့သည်ဟု ငါမဆိုလို
သို့သော် ထိုမေတ္တာစေတနာကိုပြသနိုင်သော အခွင့်
၁၁။ အရေးမရခဲ့ကြောင်းကိုသာ ဆိုလိုပါသည်။ ငါသည်
ကိုယ်တိုင်ခံရသော လျစ်လျူရှုခြင်းကို ရည်မှတ်၍
ထိုသို့ဆိုသည်မဟုတ်။ ငါသည် မိမိတွင်ရှိသမျှနှင့်
တင်းတိမ်ရောင့်ရဲစွာ နေတတ်ရန် သင်ယူထားပြီး
၁၂။ ဖြစ်သည်။ ရှုတ်ချခြင်းကိုလည်းကောင်း၊ ကြွယ်ဝ
ခြင်းကိုလည်းကောင်း ခံတတ်၏။ ဝစွာစားခြင်း၊
မွတ်သိပ်ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့ကိုခံရ
အံ့သောငှာ အရပ်ရပ်တို့တွင် အရာရာတို့၌ ငါသင်
၁၃။ ယူမိပြီ။ ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော
ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်
၁၄။ စွမ်းနိုင်၏။ ငါသည် ဆင်းရဲဒုက္ခကို ခံရချိန်တွင်
သင်တို့သည် ငါနှင့်အတူ ဝေမျှခံထမ်းခြင်းဖြင့်
၁၅။ ကောင်းမွန်စွာပြုကြပြီ။ အချင်း **ဖိလိပ္ပိ**မြို့သားတို့
ငါသည် **မာစိဒိုနိယာ**ပြည်မှထွက်၍ ဧဝံဂေလိတရား
ကို ဟောစပြုသောအခါက သင်တို့အသင်းတော်မှ
တစ်ပါး မည်သည့်အသင်းတော်မျှ ငါနှင့်မဆက်ဆံ
၁၆။ ကြ။ **သက်ဆာလောနိက**မြို့၌ ငါရှိစဉ်တွင် သင်တို့
သည် ငါလိုအပ်သော အကူအညီကို နှစ်ကြိမ်တိုင်
၁၇။ တိုင် ပေးခဲ့ကြ၏။ ထိုသို့ ငါဆိုသော် ငါသည်
အလှူကို ခံယူလိုသည်မဟုတ်၊ သင်တို့၌ ကြွယ်ဝ
၁၈။ သောအကျိုးကိုရစေရန် ငါအလိုရှိ၏။ ငါ၌လိုသည်
ထက်ပို၍ အရာအားလုံးကိုရရှိပြီ။ ဥစ္စာကြွယ်ဝမှုရရှိ
ပြီ။ မွှေးကြိုင်သောရနံ့နှင့် ပြည့်စုံ၍၊ ဘုရားသခင်
နှစ်သက် အားရတော်မူသော ယဇ်တည်းဟူသော
သင်တို့ပေးလိုက်သည့်အရာတို့ကို **ဧပဖြောဒိတ်**ထံမှ
၁၉။ ငါလက်ခံရရှိသည်ဖြစ်၍ ကုံလုံကြွယ်ဝမှုရှိ၏။ငါ၏
ဘုရားသခင်သည် ဘုန်းတော်ဂုဏ်တော် ကြွယ်ဝ
တော်မူသည်နှင့်အညီ ခရစ်တော် **ယေရှု**အားဖြင့်
သင်တို့အလိုရှိသမျှတို့ကို ပေးသနားတော်မူပါစေ။
၂၀။ ငါတို့အဖ၊ ဘုရားသခင်သည် ကမ္ဘာအဆက်ဆက်
ဘုန်းကြီးတော်မူစေသတည်း။ အာမင်။

## နောက်ဆုံးနှုတ်ဆက်စကား

၂၁။ **ယေရှု**ခရစ်တော်၌ ဘုရားသခင်၏ သန့်ရှင်းသော လူစုတော်ဝင်နောက်လိုက် တပည့်တော်အပေါင်းတို့အား ငါနှုတ်ဆက်လိုက်ပါ၏။ ငါနှင့်အတူရှိသော ညီအစ်ကိုများမှလည်း သင်တို့အား နှုတ်ဆက်လိုက်ပါ၏။ ၂၂။ ဘုရားသခင်၏သန့်ရှင်းသော လူစုတော်ဝင်အထူးအဖြင့် **ဆီဇာ**ဘုရင်၏နန်းတော်ရှိ ညီအစ်ကိုများကသင်တို့ကိုနှုတ်ဆက်လိုက်ပါ၏။

၂၃။ ငါတို့သခင်ခရစ်တော်**ယေရှု**၏ ကျေးဇူးတော်သည် သင်တို့အပေါင်း၌ရှိစေသတည်း။ အာမင်။